dvbdebate.com    facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

“ဒီဗွီဘီ ဒီဘိတ်” အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***“What’s the new Foreign Policy?”***

ဖြစ်ပါတယ်။(ဧပြီ ၊၃၀ ၊၂၀၁၆ ရိုက်ကူးသည်။)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "အစိုးရသစ်ရဲ့ နိုင်ငံတကာဆက်ဆံရေးမူဝါဒ ဘာလဲ၊ ဘယ်လဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အားသာချက်များစွာရှိနေသည့် နိုင်ငံဖြစ်သည်။ ထို့ကြောင့်ပင် Geopolitics အရ ရော စီးပွားရေးအရပါ မြန်မာသည် နိုင်ငံကြီးများ၏ မျက်စိကျခြင်းကို ခံရလျက်ရှိပေသည်။ ယင်းကြောင့်ပင် မြန်မာနိုင်ငံကို အုပ်ချုပ်မည့် ခေါင်းဆောင်၏ ပါးနပ်မှုမှာ များစွာအရေးကြီးလှပေသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၃၅ ခုနှစ်တွင် စီးပွားရေး၌ အမေရိကန်ကို ကျော်ဖြတ်လိမ့်မည်ဟု ကမ္ဘာ့ပညာရှင်များက ဟောကိန်းထုတ်ခံထားရသော တရုတ်နိုင်ငံနှင့် အင်အားကြီး နိုင်ငံတစ်ခုဖြစ်သော အိန္ဒိယ နိုင်ငံတို့ကြားရောက်ရှိရာ မြန်မာအနေဖြင့် ကမ္ဘာ့အခင်းအကျင်းတွင် စူပါပါဝါတန်းသို့ ချဉ်းကပ်လာနေသောတရုတ်နှင့် စူပါပါဝါတန်းမှ အမေရိကန်တို့၏ ပါဝါအားပြိုင်မှုကြားအဘယ်သို့ ရပ်တည်မည်နည်းဆိုသည်ကလဲ မြန်မာ့နိုင်ငံရေးနှင့် စီးပွားရေး အတွက် အရေးပါနေသည်။

လွတ်လပ်ရေးရပြီးစဉ်ကတည်းကပင် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို မြန်မာနိုင်ငံအနေဖြင့် ယနေ့တိုင် ကျင့်သုံးလျက်ရှိပြီး ၁၉၅၄ ခုနှစ်က တရုတ်၊ အိန္ဒိယ နိုင်ငံ တို့နှင့် ဘန်ဒေါင်းမူ၏ လူသိများသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး၅ချက်ကိုလည်း လက်မှတ်ရေးထိုးခဲ့ပြီး လက်မှတ်ရေးထိုးထားခဲ့သည်။

ဆယ်စုနှစ်များစွာ လွန်အပြီး မြန်မာနိုင်ငံတွင် "ပြောင်းလဲချိန်တန်ပြီ" ဟူသည့် ဆောင်ပုဒ်ဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရ တက်ရောက်လာခဲ့သည့် အစိုးရသစ် လက်ထက် မြန်မာ့နိုင်ငံခြားရေး ဆက်ဆံမှုအခင်းအကျင်းအပေါ် အားလုံးကစိတ်ဝင်စားလျက်ရှိရာ ယခုအစိုးရသစ်၏ နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ဧပြီလ ၂၂ ရက်၌ ပြည်တွင်းပြည်ပ အခြေစိုက် သံတမန်များနှင့် တွေ့ဆုံပြီး မြန်မာ့နိုင်ငံ နိုင်ငံခြားရေး မူဝါဒနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားမှု ပြုလုပ်ခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး၊ Geopolitics စသည်တို့နှင့် ပတ်သက်ပြီး အများသိကြမည်ဟု ထင်သည့် အကြောင်းအရာတစ်ခုကို ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။ "အမေရိကန် အာရှဖောင်ဒေးရှင်းအဖွဲ့မှ ရန်ကုန်- မန္တလေး မော်တော်ကားလမ်းကြီးကို စေတနာဖြင့် ဖောက်လုပ်ပေးမည်ဟု ကမ်းလှမ်းစီစဉ်လာသောအခါ တရုပ်နီပေါက်ဖော်ကြီးများကလည်း ရန်ကုန် - မန္တလေးမော်တော်ကားလမ်းကြီး ရှုချင်စဖွယ် ပသာဒဖြစ်အောင် သစ်ပင်များကိုစိုက်ပျိုး ပေးပါရစေဟု ကမ်းလှမ်းခဲ့လေတော့သည်။ ထိုအခါ ဖောင်ဒေးရှင်းအဖွဲ့မှ အမေရိကန်များမှာ ဒေါသအမျက်ခြောင်းခြောင်းထွက်သွားပြီး ပေါက်ဖော်ကြီးများ၏ ကမ်းလှမ်းချက်ကို လက်ခံလျှင် ရန်ကုန်- မန္တလေး မော်တော်ကားလမ်းကြီးကို ဖောက်လုပ်မပေးတော့ဟုအကြပ်ကိုင်လာသည်။ ယင်းသို့ဖြစ်ကုန်ရခြင်းမှာ အာရှဖောင်ဒေးရှင်းမှအဖွဲ့မှ ဖောက်လုပ်ပေးမည့် ရန်ကုန် မန္တလေး မော်တော်ကားလမ်းကြီးမှာ မော်တော်ကားများ ချောမောစွာ မောင်းနှင်သွားနိုင်ရုံတွင် မကသေးဘဲ  စစ်လေယာဉ်ကြီးများပါ အချိန်အခါမရွေး ဆင်းသက်နိုင်အောင် လမ်းကျယ်ပြီး ခိုင်ခံ့နေသောကြောင့်ပင် ဖြစ်ပေသတည်း။ ပေါက်ဖော်ကြီးများက စိုက်ပျိုးပေးမည့် သစ်ပင်များမှာလည်း နှစ်ရှည်လများ စိုက်ပျိုးယူရမည့် အပင်များမဟုတ်ဘဲ အရှင်မွေးနေ့ချင်းကြီးဆိုသလို နေ့ချင်းညချင်း အမြစ်ကတူးယူပြီး စိုက်ပျိုးပေးမည့် သစ်ပင်ကြီးများပင် ဖြစ်နေပေတော့သည်။"
(ကြည့်ညွှန့် - စီ-အိုင်-အေ  အရှုပ်တော်ပုံများ)

ယခုတစ်ပတ် ဒီဗွီဘီ ဒီဘိတ်တွင် အစိုးရသစ်၏ နိုင်ငံတကာဆက်ဆံရေးမူဝါဒနှင့် ဘာကြောင့်အရေးကြီးလှသည်ဆိုသည်များကို ဆွေးနွေးတင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

## သူတို့အမြင်

"ကျွန်မတို့ ကတော့ မြန်မာနိုင်ငံ လွတ်လပ်ရေး ရစဉ်ကတည်းက သုံးခဲ့တဲ့ နိုင်ငံခြားရေး မူဝါဒက မှန်ကန်တယ် လို့ ပဲ သဘောထားပါတယ်။ အဲဒီ မူဝါဒအရ ကျွန်မတို့ အိမ်နီးချင်းတွေနဲ့ လည်း ရင်းရင်းနှီးနှီး ခင်ခင်မင်မင် ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်။ အဝေးက မိတ်ဆွေတွေနဲ့လည်း ရင်းရင်းနှီးနှီး ခင်ခင်မင်မင် ဆက်ဆံ တယ်။ ဘယ်သူ့ကိုမှ ရန်သူလို မထားဘူး။ အားလုံးကို မိတ်ဆွေလို ထားတယ်။ ဒီလိုကြောင့် မြန်မာနိုင်ငံဟာ အဲဒီအချိန်တုန်းက ကမ္ဘာမှာ ရှိတဲ့ နိုင်ငံအတော်များများရဲ့ စေတနာကို ရရှိခဲ့တယ်"   **ဒေါ်အောင်ဆန်းစုကြည်** - မြန်မာနိုင်ငံခြားရေးဝန်ကြီး။

"တရုတ်ပြည်ဆိုတာ ကျွန်မတိုရဲ့ အိမ်နီးချင်း နိုင်ငံတစ်ခု ဖြစ်တယ်ဆိုတာ အားလုံးက သိပြီးသားပါပဲ။ အိမ်နီးချင်း နိုင်ငံများရဲ့ ဆက်ဆံရေး ဆိုတာဟာ အဝေးနိုင်ငံများရဲ့ဆက်ဆံရေးထက် အများကြီးပိုပြီး သိမ်မွေ့ပါတယ်။ သိမ်မွေ့တဲ့အလျောက် ကျွန်မတို့ ဟာ ဒီဆက်ဆံရေးကို သိပ်ပြီးတော့ အလေးထားပြီးတော့ ကောင်းကောင်းမွန်မွန် ၊ ထိထိရောက်ရောက် ၊ တိတိကျကျ ဆက်ဆံသွားမှာပါ။ မိတ်ဖြစ်ဆွေဖြစ်ဆိုတာ ဟိုဖက်ဒီဖက် နှစ်ဘက်စလုံးက လိုလားလို့ ရှိရင် မဖြစ်နိုင်စရာ အကြောင်း မရှိပါဘူး"
**ဒေါ်အောင်ဆန်းစုကြည်** - မြန်မာနိုင်ငံခြားရေးဝန်ကြီး။

## *Information links:*

www.burmese.dvb.no
www.xinhuamyanmar.com
www.burma.irrawaddy.org
www.dvbdebate.net